# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 30, 2019 Volume 24, Number 18


| ၃၀.၁၀.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၈၇ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၅၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၉/- ကျပ် |
| CBM Rate | = ၁၅၂၈.၃ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၉.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၁.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၇.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၄.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၀.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၄၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၅၇၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာ့နာနတ်သီးကို တရုတ်နိုင်ငံကို တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေ



လာမယ့်နှစ်များမှာ မြန်မာ့နာနတ်သီးကို တရုတ်နိုင်ငံကိုတင်ပို့နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံ နာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရပါတယ်။ မြန်မာ့နာနတ်သီးအရည်အသွေးကို တရုတ်နိုင်ငံအဖွဲ့တစ်ဖွဲ့မှ လာရောက်စစ်ဆေးသွားမှာဖြစ်ပြီး တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်သွားမှာဖြစ်တယ်လို့ မြန်မာနိုင်ငံ နာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်ကပြောပါတယ်။ နာနတ်သီးရဲ့အရည်အသွေးတွေကို တရုတ်နိုင်ငံကနေလာစစ်မယ်။ အပင်တွေ အသီးတွေလာစစ်ဖို့တော့လုပ်တယ်။ နယ်စပ်ဒေသကလည်း မငြိမ်းချမ်းသေးတာလည်းပါတယ်။ ဒီတိုင်းတင်ပို့ ဒီတိုင်းဝယ်ချင်လို့လည်းမရဘူး။ မူဝါဒတွေနဲ့ကိုက်ညီ မကိုက်ညီ စစ်ဆေးပြီးမှတင်ပို့လို့ရမယ်။

မြန်မာ့နာနတ်သီးကို တရုတ်နိုင်ငံကိုတင်ပို့နိုင်ရန်အတွက်လည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမာန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ စီစဉ်လုပ်ဆောင်မှုများရှိနေကြောင်းလည်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့နာနတ်သီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အများဆုံးစိုက်ပျိုးတာဖြစ်ပြီး တရုတ်နိုင်ငံကို အဓိကထားတင်ပို့နေတာဖြစ်ကြောင်း မြန်မာနိုင်ငံ နာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source:**https://greenwaymyanmar.com/posts/make_to_export _ Myanmar_pineapple

## တရုတ်ယွမ်ငွေ များစွာတည်ငြိမ်နေသည်ဟု တရုတ်ဗဟိုဘဏ်ပြောကြား

ဈေးကွက်ရောင်းလိုအားနှင့် ဝယ်လိုအားအပေါ် အခြေပြုသော နိုင်ငံ၏အရန်နိုင်ငံခြားငွေထားရှိမှုအပေါ် ကိုးကားသော ယွမ်ငွေလဲနှုန်းမှာ တည်ငြိမ်နေလျက်ရှိပါသည်။ ထို့ပြင် ငွေကြေးနှင့်ချေးငွေတို့မှာလည်း တဖြည်းဖြည်းတိုးပွားလာကာ ဈေးကွက် အတိုးနှုန်းများမှာ နိမ့်နေဆဲဖြစ်သဖြင့် ပြည်တွင်းပြည်ပ စီးပွားရေးစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အမြော်အမြင်ရှိသော ငွေကြေးမူဝါဒမှာ တရုတ်နိုင်ငံအတွက် အကောင်းဆုံးဖြစ်ကြောင်း တရုတ်နိုင်ငံ၏ ဗဟိုဘဏ်ဥက္ကဋ္ဌ Yi Gang က ပြောကြားခဲ့ပါသည်။ တရုတ်ဗဟိုဘဏ် အနေဖြင့် အရည်အသွေးမီသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်သာကိုင်သာရှိသော ငွေကြေးနှင့် ဘဏ္ဍာရေး ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရန် ကြိုးပမ်းရာတွင် မျှော်မြင်မှု ရှိသော ငွေကြေးမူဝါဒအား အကောင်အထည်ဖော်သွားရေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဈေးကွက်အခြေခံ အတိုးနှုန်းများ ပြုပြင်ပြောင်းလဲရေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်သွားရန်မှာ တရုတ်ငွေရေးကြေးရေး လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ အဓိကတာဝန်များဖြစ်သည်ဟု ရှုမြင်နိုင် သော်လည်း၊ တရုတ်နှင့် အမေရိကန်တို့အကြား ကုန်သွယ်ရေးတင်းမာမှုကြောင့် စီးပွားရေး နောက်ပြန်ဆွဲ မှုများ ဖန်တီးနေသဖြင့် ရှုပ်ထွေးသောကိစ္စများ ဖြစ်လာနိုင်ကြောင်း၊ ဝါရင့်တရုတ်စီးပွားရေး သုတေသီတစ်ဦးဖြစ်သော Yu Yongding က သုံးသပ်ထားပါသည်။ တရုတ်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ဝါရင့်ကိုယ်စားလှယ်ဖြစ်သူ Alfred Schipke က ယွမ်ငွေကြေးမှာ ယူရိုငွေကို ကျော်တက်သွားကာ ကမ္ဘာပေါ်တွင် ဒုတိယအရေးအပါဆုံး ငွေကြေးဖြစ်လာကြောင်း၊ တရုတ်နိုင်ငံသည် ၎င်း၏ ငွေကြေး အဖွဲ့အစည်းများ ခိုင်မာ အားကောင်းမှုကို ဆက်လက်ထိန်းသိမ်းထားရန် အသေးစားနှင့် အလတ်စားလုပ်ငန်းများ အတွက် ဘဏ္ဍာငွေကြေးကို အထူးပြု၍ ပံ့ပိုးကူညီသင့်ပါကြောင်း မှတ်ချက်ပြုထားပါသည်။ တရုတ်ယွမ်ငွေကြေးအား အပြည်ပြည်ဆိုင်ရာငွေကြေးတစ်ရပ်ဖြစ်လာစေရန် တရုတ်ဘဏ္ဍာရေးအာဏာပိုင်များက ရေရှည်ပန်းတိုင်အဖြစ် သတ်မှတ် ထားရှိပါသည်။ လတ်တလောတွင် တရုတ်နိုင်ငံသည် နိုင်ငံခြားဘဏ္ဍာရေးအဖွဲ့အစည်းများအတွက် ရှယ်ယာဝေစုပါဝင်မှုကို တိုးမြှင့်ပေးခြင်းအပါအဝင် ၎င်း၏ဘဏ္ဍာရေးကဏ္ဍတွင် တံခါးပိုမိုဖွင့်လှစ်ပေးလျက်ရှိပြီး၊ နိုင်ငံသားပိုင်နှင့် နိုင်ငံခြားသားပိုင် ဘဏ္ဍာရေးအဖွဲ့အစည်းများအတွက် တန်းတူယှဉ်ပြိုင်ခွင့်ရစေရန် ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ အမေရိကန်နှင့် ကုန်သွယ်ရေး တင်းမာမှုများရှိနေသော်လည်း ယခုနှစ် ဩဂုတ်လကုန်ပိုင်း၌ ကမ္ဘာတစ်ဝှမ်းတွင် ငွေပေးချေမှုများပြုလုပ်သည့်အခါ တရုတ်ယွမ်ငွေကိုအသုံးပြုသည့် ဘဏ္ဍာရေးအဖွဲ့အစည်းပေါင်း (၂၂၀၀)ကျော်ရှိပါသည်။ ၎င်းပမာဏသည် ၂၀၁၇ ခုနှစ် ဇူလိုင်လနှင့် နှိုင်းယှဉ်ပါက (၁၁.၃၁) ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ပါသည်။ ငွေပေးချေမှုများပြုလုပ်ရာတွင် ယွမ်ငွေဖြင့် ပေးချေမှုမှာ ပဉ္စမမြောက်နေရာတွင်ရှိပါသည်။ တရုတ်ယွမ်ငွေဖြင့် နိုင်ငံခြားငွေချေး စာချုပ်များမှာ ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၈၉၅)သန်းသာရှိရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁.၀၈) ထရီလီယံ တန်ဖိုးရှိလာပါသည်။ ကမ္ဘာတဝှမ်းမှ ဗဟိုဘဏ်များ တွင် ယွမ်ငွေ အရန်ထားရှိမှုမှာ (၁.၉၅) ရာခိုင်နှုန်းတိုးလာကာ အမေရိကန်ဒေါ်လာ ၂၁၂.၉ ဘီလီယံ တန်ဖိုးနှင့်ညီမျှသော ယွမ်ငွေများကို အရန်ထားရှိလာကြပါသည်။ ထို့ပြင် နိုင်ငံခြား အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ယွမ်ငွေလွှမ်းမိုးသော ပိုင်ဆိုင်မှုများမှာ ၂၀၁၃ ခုနှစ်အတွင်း ယွမ် ၂.၉ ထရီလီယံရှိရာမှ ၂၀၁၈ ခုနှစ်တွင် ယွမ် ၄.၈၅ ထရီလီယံ ရှိလာသောကြောင့် ၆၅ ရာခိုင်နှုန်းတိုးတက်လာကြောင်း China Daily သတင်းစာတွင် ဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-တရုတ်**

## ကုန်သွယ်ရေးတင်းမာမှုဖြစ်နေသည့်ကြားဝယ် တရုတ်၏ကုန်သွယ်ရေးတိုးတက်နေဆဲဖြစ်

အမေရိကန်နှင့် ကုန်သွယ်ရေးတင်းမာမှုများဖြစ်ပွားနေဆဲဖြစ်သော်လည်း ၂၀၁၉ ခုနှစ်၊ ပထမ (၉)လအတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးမှာ တည်ငြိမ်ခဲ့ကာ (၂.၈) ရာခိုင်နှုန်း တိုးတက်ခဲ့သည်ကိုတွေ့ရပါသည်။ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ယွမ် (၂၂.၉၁) ထရီလီယံ ( အမေရိကန်ဒေါ်လာ ၃.၂၃ ထရီလီယံ )ဖြစ်ပါသည်။ ပို့ကုန်ပိုင်းတွင် (၅.၂) ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ သွင်းကုန်မှာ (၀.၁) ရာခိုင်နှုန်းကျဆင်းခဲ့သည်ကိုတွေ့ရပါသည်။ အလားတူကာလတွင် အမေရိကန်နှင့်ကုန်သွယ်ရေးမှာ ယွမ်(၂.၇၅) ထရီလီယံသို့ (၁၀.၃) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ ဥရောပသမဂ္ဂနိုင်ငံများနှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ

တရုတ်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ရေးမိတ်ဖက်နိုင်ငံများ ဖြစ်ကြပါသည်။ ပထမ (၉)လ အတွင်း ရုပ်ဝန်းနှင့်လမ်းကြောင်း အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုမှာ (၉.၅) ရာခိုင်နှုန်းတိုးတက်လာကာ ယွမ် (၆.၆၅) ထရီလီယံအထိရှိလာသည်ကို တွေ့ရပါသည်။ ပြည်တွင်းဝယ်လိုအားခိုင်မာနေဆဲဖြစ်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းများတိုးချဲ့ခြင်း၊ အကောက်ခွန်လျှော့ချခြင်းနှင့် ဈေးကွက် အမျိုးမျိုးသို့ ခွဲခြမ်းစိတ်ဖြာခြင်းတို့ကြောင့် တရုတ်၏နိုင်ငံခြားကုန်သွယ်မှုမှာ ကြံ့ကြံ့ခံနိုင်ခြင်းဖြစ်ကြောင်း အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါသည်။ တရုတ်နှင့်အမေရိကန်တို့၏ကုန်သွယ်ရေးတင်းမာမှုကြောင့် ၂၀၁၉ ခုနှစ် အတွက် ကုန်စည်ကုန်သွယ်ရေးတိုးတက်မှုနှုန်းကို မူလခန့်မှန်းထားသော (၂.၆) ရာခိုင်နှုန်းမှ (၁.၂) ရာခိုင်နှုန်းသို့ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့က လျှော့ချခဲ့ရပါသည်။

**Source: စီးပွားရေးသံမှူး-တရုတ်**

## (၁၀၅)မိုင် သစ်သီးကွင်းသို့ ဖရဲသီးကား အဝင်များသော်လည်း အရောင်းအဝယ်အေးနေ

တရုတ်-မြန်မာနယ်စပ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် နယ်မြေအတွင်းရှိ အရှေ့မြောက်တံခါး အများနှင့်သက်ဆိုင် သောကုမ္ပဏီလီမိတက်၏ နှစ်နိုင်ငံသစ်သီးရောင်းဝယ်ရေးကွင်းသို့ ယခုရက်ပိုင်းအတွင်း ဖရဲသီးကားများ အဝင်များသော်လည်း အရောင်းအဝယ်အေးသလို ဈေးအေးနေကြောင်းသိရသည်။ သစ်သီးကွင်းအတွင်းရှိ ခွာညိုပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က ဖရဲရောင်းဝယ်တဲ့ အနေအထားက ဈေးအေးနေပါတယ်၊ မနှစ်က ကာလတူဆိုရင် အခုဖရဲသီးဈေးက ထက်ဝက် လောက်ပဲရှိပါတယ်၊ အခုက နည်းနည်းလှတဲ့ ဖရဲသီးဆိုရင် တန်ချိန်ဈေးနဲ့ဆို တရုတ်ယွမ် ၇၀၀ မှ ၁၂၀၀ အတွင်းမှာပဲ ရှိပါတယ်၊ နောက်ပိုင်း ဖရဲကားအဝင် နည်းနည်းပါးလာမယ်ဆိုရင် ဈေးနှုန်းက ကိုယ်ဆွဲတင်ရောင်းလို့ရတာပေါ့၊ လောလောဆယ် တရုတ်ကထွက်တဲ့ဖရဲက တော်တော်ပါးသွားပြီ၊ ကျွန်တော်တို့ဘက်ကလည်း မိုးဖရဲဆိုတော့ တင်းပြည့်ကျပ်ပြည့် ကောင်းတယ် ဆိုတာရှားတယ်၊ ဆောင်းဖရဲလိုမဟုတ်တော့ ဝယ်တဲ့သူတွေက အပုပ်အနာအဆာတွက်ချက်ပြီး ဈေးနှိမ်ဝယ်တဲ့ သဘောမျိုး ရှိတယ်ဟုပြောသည်။ ဖရဲသီးအရည်အသွေးနှင့်ပတ်သက်၍လည်း ရှေ့လျှောက်ဖရဲကားအဝင်နည်းပြီး အရည်အသွေးလည်း နည်းနည်းပိုလာမယ်ဆို ဈေးကောင်းရမှာပေါ့၊ ဒီအရည်အသွေးအတိုင်းပဲသွားနေရင်တော့ ဈေးကောင်းမရနိုင်ဘူး၊ အရင်နှစ် ဒီလိုအချိန်မှာ အရေအတွက် ဒီလောက်မရှိခဲ့သလို အရည်အသွေးကလည်း ဒီထက်ပိုခဲ့ပါတယ်၊ ဒီနှစ်ဖရဲသီး ညံ့သွားတယ် ဆိုတာက ဖရဲစပျိုးတဲ့အချိန်မှာ မိုးကအများကြီးရွာလိုက်တဲ့အတွက် အသီးကြီးထွားမှုများပြီး အရည်ခတ်တွေဝင်သွားတယ်၊ အသီးကောင်းတယ် မကောင်းဘူးဆိုတာ ရာသီဥတုနဲ့လည်း အများကြီးဆိုင်ပါတယ်ဟု ၎င်းကဆက်ပြောသည်။

သစ်သီးကွင်းအတွင်း ရောင်းဝယ်နေသည့် ဖရဲသီးများကို ရှမ်းသီးနှင့်ဗမာသီးဟု နှစ်မျိုးခွဲခြားရောင်းကြသည်။ ရှမ်းပြည် နယ်မှထွက်သည့် ဖရဲသီးများကို ရှမ်းသီးဟုခေါ်ပြီး အအေးပိုင်းဒေသတွင် စိုက်ပျိုးခြင်းကြောင့် အသီး အရည်အသွေး ကောင်း၍ အပြစ်အနာအဆာကင်းကာ မူဆယ်သစ်သီးကွင်းသို့ နေ့ချင်းသယ်ယူရောင်းချနိုင်ခြင်းကြောင့်လည်း အသီးများမှာ စိမ်းစို လတ်ဆတ်၍ လူကြိုက်ပိုများပြီး ဈေးကောင်းရသည်။ မန္တလေး၊ စစ်ကိုင်း၊ တံတားဦး၊ မိတ္ထီလာ၊ မုံရွာ၊ မြင်းခြံ၊ သဲတော၊ ဝမ်းတွင်း စသည့် မြန်မာပြည်အတွင်း ဒေသအသီးသီးမှထွက်ရှိသည့် ဖရဲသီးများကိုမူ ဗမာသီးဟုခေါ်ကြပြီး အပူချိန်များသည့် နေရာ ဒေသများ၌ စိုက်ပျိုးခြင်းကြောင့် အရည်အသွေးလျော့သလို မူဆယ်သစ်သီးကွင်းသို့ သယ်ယူလာရာတွင်လည်း လမ်းခရီးတွင် အနည်းဆုံးနှစ်ရက်ခန့်ကြာခြင်းကြောင့် အသီးများ၏အပေါ်ပိုင်း အရောင်လွင့်ကာ အတွင်းသားများမှာလည်း အနည်းငယ် ထိခိုက်မှုရှိတတ်သဖြင့် လူကြိုက်နည်းသွားပြီး ဈေးနှုန်းလည်း လျော့ကျတတ်ကြောင်းသိရသည်။ ဈေးနှုန်း ကွာခြားမှုအနေဖြင့် ဗမာသီးက ယွမ်ငွေ ၀ ဒသမ ၇ ယွမ်မှ ၁ ဒသမ ၁ ယွမ်နှင့် ရှမ်းသီးက ၀ ဒသမ ၈ ယွမ်မှ ၁ ဒသမ ၈ ယွမ်အထိရှိသည်ဟု သိရသည်။ တချို့ ဖရဲကားတွေဆိုရင် ဒီကွင်းမှာအရောင်းအဝယ်ဖြစ်ပြီး တရုတ်နိုင်ငံ ဝမ်တိန်ရောက်မှ အပေါ်အောက်မညီလို့ လျော်ကြေးငွေ ယွမ် ၂၀၀၀၊ ၃၀၀၀ လောက်ပေးပြီး ပြန်လှည့်လာရတဲ့ကားတွေလည်းရှိပါတယ်၊ ဒီကားတွေကတော့ ကိုယ့်ဘက်ဖရဲကွင်းမှာ ပြန်ရောင်းကြတာပေါ့၊ ဖရဲကွင်းမှာ နှစ်ညလောက် အိပ်ခွင့်ပေးထားတဲ့အတွက် မရောင်း တဲ့ကားတော့ မရှိပါဘူး၊ ရတဲ့ဈေးနဲ့ရောင်းနေကြပါတယ်၊ ရွှေလီ၊ ကျယ်ဂေါင်၊ ဝမ်တိန်စသဖြင့် အနီးအနားက ကုန်သည်ပွဲစားတွေ လာဝယ်ကြ တယ်၊ ပြီးတော့ သူတို့နိုင်ငံထဲမှာလည်း လက်ကျန်အသီးတွေ ကျန်နေသေးတယ်ဟု ဦးစိုင်းခင်မောင်ကပြောသည်။ တရုတ် နိုင်ငံ၏ ဖရဲသီးထွက်ရှိမှုမှာ ပြည်တွင်းစားသုံးမှုအတွက် မလုံလောက်သဖြင့် လိုအပ်ချက်အရ မြန်မာဘက်မှ ဖရဲသီးများကို

ဝယ်ယူနေရသည်။ မူဆယ်နယ်စပ် တရုတ်-မြန်မာ နှစ်နိုင်ငံသစ်သီးကွင်း၌ ရာသီချိန်ရောက်တိုင်း ဖရဲသီးအရောင်းအဝယ်ပြုလုပ်ရာတွင် မိုးဖရဲသီးများဖြစ်သည့် ၂၁၂(ခ)ကုလားမသီး၊ ၈၅၅(ခ)ကျားသီး၊ ဂျက်ဖာသီး၊ အချိုသီး၊ ထျန့်ဝမ်သီး၊ အစေ့မဲ့၊ ၁၄၁၆၊ လု ပေါင်းစသည့် ဖရဲသီးမျိုးစုံကို ရောင်းဝယ်ကြသည်။ အသီးအမျိုးအစားအလိုက် တန်ချိန် ဈေးအနေဖြင့် ၈၅၅ ဗမာသီးက ယွမ် ၇၀၀ မှ ၁၁၀၀ ရှိပြီး ရှမ်းသီးက ယွမ် ၈၀၀ မှ ၁၄၀၀ ရှိသည်။ တရုတ်နိုင်ငံအတွင်း ဈေးကွက်တွင် ဖရဲတစ်တန်လျှင် တရုတ်ယွမ်ငွေ ၁၅၀၀ မှ ၂၀၀၀ ဝန်းကျင်ရရှိကြောင်းသိရသည်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိ အရှေ့မြောက်တံခါး အများနှင့်သက်ဆိုင်သောကုမ္ပဏီ၏ နှစ်နိုင်ငံသစ်သီး ရောင်းကွင်း၌ ဖရဲသီးအရောင်းအဝယ်ပြုလုပ်မည့် ပွဲရုံအသီးသီးမှ ဖရဲကားများကို ကုမ္ပဏီ၏ ယာဉ်လိုင်းစီမံခန့်ခွဲရေးအဖွဲ့က ကားအနည်းအများအလိုက် ရောင်းချမည့်ယာဉ်လိုင်းများ စီစဉ်ပေးသည်။ ထိုသို့ စီစဉ်ပြီးမှသာ ရောင်းချရန် ကျရောက်သည့် လိုင်းနံပါတ်အတွင်းသို့ ငါးမိနစ်ခန့်ဝင်ရောက်ရောင်းချခွင့်ရပြီး တရုတ်မှဝယ်သူများကလည်း ထိုအချိန်ပိုင်းအတွင်းမှာပင် ကားတစ်စီးလုံးကိုကြည့်၍ ရောင်းဝယ်ကြခြင်းဖြစ်သည်။ ထိုအချိန်ပိုင်းအတွင်း အရောင်းအဝယ်မဖြစ်သည့် ဖရဲသီးကားများသည် ကွင်းအတွင်း နောက်တစ်ကျော့ ထပ်မံရောင်းချနိုင်ပြီး အကယ်၍ရောင်းမရပါက နေ့လယ်နှင့် ညနေဘက်များတွင်ဖြစ်စေ၊ နောက်တစ်ရက်တွင် ထပ်တက်လာသည့် ဖရဲကားများနှင့်အတူဖြစ်စေ ထပ်မံရောင်းချရကြောင်း သိရသည်။ ယခင်နှစ်များက ဖရဲသီးရောင်းဝယ်ရာတွင် ယခုလို အသီးရာသီချိန်၌ နေ့စဉ် နံနက် ၇ နာရီမှ နံနက် ၁၀ နာရီဝန်းကျင်အထိ ရောင်း ချသော်လည်း ယခုကဲ့သို့ အသီးရောင်းဝယ်မှု အေးနေသည့်အချိန်တွင်မူ အသီးရောင်းချိန် မမှန်ဘဲ အခြေအနေကြည့်ပြီးသာ ရောင်းချကြောင်းသိရသည်။ ယခုနှစ်အတွင်း ဖရဲရာသီ အစမှ ယခု အောက်တိုဘာလကုန်ပိုင်းအထိ မြန်မာနိုင်ငံအလယ်ပိုင်း၊ အောက်ပိုင်းနှင့် ရှမ်းပြည်နယ် နေရာဒေသအသီးသီးမှ ဖရဲသီးကားအစီးရေ ၃၀၀၀ ခန့် ဝင်ရောက်ရောင်းချခဲ့ ကြပြီး တရုတ်နိုင်ငံသို့ ဖရဲတန်ချိန် ၂၀၀၀ ဝန်းကျင်ခန့် တင်ပို့ထားနိုင်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2401195073454320?__tn__=K-R

## နိုင်ငံခြားသားများအား စတော့ရှယ်ယာရောင်းဝယ်ခွင့်ကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ခွင့်ပြုမည်

ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီများတွင် အစုရှယ်ယာရောင်းဝယ်ခြင်းများကို ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံခြားသားများအား စတင်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်း၏ အကြီးတန်းအမှုဆောင်မန်နေဂျာ ဦးသက်ထွန်းဦးကပြောသည်။ လက်ရှိ ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် တရုတ်၊ ထိုင်း၊ ဂျပန်၊ ဗီယက်နမ်စသည့် အာရှဒေသတွင်းနိုင်ငံများက စိတ်ဝင်စားမှုရှိနေကြောင်းသိရသည်။ တစ်လ၊ နှစ်လအတွင်းမှာတော့ ခွင့်ပြုမယ်။ ဒါပေမယ့် သက်ဆိုင်ရာဌာနတွေရဲ့ ညွှန်ကြားချက်တွေကို စောင့်နေတာရှိတယ်။ အဲ့ဒီ ညွှန်ကြားချက်တွေရရင်တော့ Trade လုပ်နိုင်မှာပါ။နိုင်ငံခြားသားနဲ့ပတ်သတ်တဲ့ Definition တွေ ဖွင့်ပေးရဦးမယ်။ ဘယ်လိုနိုင်ငံခြားသားကို ခွင့်ပြုမှာလဲ။ သူတို့ရဲ့ ငွေတွေဝင်လာမှာရှိတယ်။ ငွေပြန်ထွက်သွားတာရှိမယ်။ အခွန်အကောက်ကိစ္စတွေရှိမယ်။ ဒီလိုကိစ္စတွေမှာ တစ်ချို့ဟာတွေက ညှိနှိုင်းဆဲတွေဖြစ်လို့ ကြာနေတာပါဟု ၎င်းကပြောသည်။

သက်ဆိုင်ရာ ဌာနများက ထုတ်ပြန်ရန် ကျန်ရှိနေသည့် ညွှန်ကြားချက်များထွက်လာပြီဆိုပါက နိုင်ငံခြားသားများ အဆင့်သင့်ရောင်းဝယ်၍ရအောင် ပြင်ဆင်စရာများကို အဆင်သင့် ပြုလုပ်ထားပြီးဖြစ်ကြောင်းသိရသည်။ ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာရောင်းဝယ်ခွင့်ကို မြန်မာနိုင်ငံအတွင်း၌နေထိုင်သည့် နိုင်ငံခြားသားများကိုသာ အရင်ဦးဆုံး ခွင့်ပြုပေးသွားမည်ဟုဆိုသည်။ ပြည်တွင်း၌ နေထိုင်ခြင်း မရှိသည့် အကြီးစားရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုရန် ၁ နှစ်ခွဲ နီးပါးခန့် အချိန်ယူပြင်ဆင်ရမည်ဟုဆိုသည်။

စတော့အိတ်ချိန်းများတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုလိုက်မည်ဆိုပါက ရှယ်ယာအရောင်းအဝယ် အညွှန်းကိန်း မြင့်တက်လာသည်ကို ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားစသည့် နိုင်ငံများတွင် တွေ့မြင်ခဲ့ရကြောင်း Daiwa Institute of Research Ltd. ၏ အကြီးတန်း အကြံပေး Mr. Ryota Sugishita က ပြောပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံအနေနှင့်လည်း နိုင်ငံခြားသားကို ခွင့်ပြုပေးလိုက်မည်ဆိုပါက ရှယ်ယာရောင်းဝယ်မှုများ တိုးလာနိုင်သည်ဟုဆိုသည်။ မြန်မာနိုင်ငံရဲ့ စတော့ဈေးကွက်အခြေအနေက နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူတွေကို လက်ခံလိုက်မယ်ဆိုရင် ပိုပြီးတော့ကောင်းမွန်လာနိုင်မယ်လို့

မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာလည်း ပိုပြီးကောင်းလာနိုင်သလို စတော့ဈေးကွက်လည်း အားကောင်းလာနိုင်မယ်လို့ ယုံကြည်ရပါတယ်ဟု ၎င်းကပြောသည်။

ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို နိုင်ငံခြားသားများ ဝယ်ယူနိုင်ကြောင်းကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM) က ယခုနှစ်၊ ဇူလိုင်လ ၁၂ ရက် က ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းအမိန့်ကြော်ငြာစာအရ နိုင်ငံခြားသားများသည် မြန်မာနိုင်ငံအတွင်း အမြဲနေထိုင်ခွင့် ရရှိသူဖြစ်စေ၊ အမြဲနေထိုင်ခွင့် မရရှိသူဖြစ်စေ ငွေချေးသက်သေခံလက်မှတ်စာရင်းများကို မည်သည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွင်မဆို ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး အဆိုပါစာရင်းမှတစ်ဆင့် ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်ရှယ်ယာများကို ရင်းနှီးမြှုပ်နှံနိုင်မည် ဖြစ်သည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အရ နိုင်ငံခြားသား ရှယ်ယာပါဝင်မှုကို ၃၅ ရာခိုင်နှုန်းထိ ခွင့်ပြုထားသည်။ လက်ရှိ ရန်ကုန်စတော့အိတ်ချိန်းတွင် First Myanmar Investment (FMI)၊ Myanmar Thilawa SEZ Holidings Public (MTSH)၊ မြန်မာနိုင်ငံ သားများဘဏ် (MCB)၊ ပထမပုဂ္ဂလိကဘဏ် (FPB) နှင့် TMH Telecom Public (TMH) တို့က စာရင်းဝင်ကုမ္ပဏီများအဖြစ် အစုရှယ်ယာများ အရောင်းအဝယ် ပြုလုပ်လျက်ရှိသည်။

**Source:** https://www.facebook.com/fifthwavenews/posts/526284671435595?__tn__=K-R

## သွင်းကုန်လိုင်စင်ကြေးတွေ တိုးမြှင့်သတ်မှတ်




သွင်းကုန်လိုင်စင်ကြေးတွေ တိုးမြှင့်သတ်မှတ်လိုက်ပြီလို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေ နဲ့ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး လက်ရှိကောက်ခံလျက်ရှိတဲ့ သွင်းကုန်လိုင်စင်ကြေးနှုန်းထားတွေကို လိုင်စင်လျှောက်ထားမှုတန်ဖိုးတွေနဲ့ဆီလျော်မှုရှိဖို့အတွက် သတ်မှတ်လိုက်တာ ဖြစ်ပါတယ်။

သွင်းကုန်ပစ္စည်းရဲ့ဆိပ်ကမ်းရောက်တန်ဖိုး (CIF) က ကျပ်သိန်း ၅၀ အထိဆိုရင် သွင်းကုန်လိုင်စင်ကြေး က ကျပ် ၃၀,၀၀၀ ၊ ကျပ် သိန်း ၅၀ အထက်ကနေ ကျပ် သိန်း ၁၀၀ အထိ ဆိုရင် လိုင်စင်ကြေး က ကျပ် ၅၀,၀၀၀၊ ကျပ်သိန်း ၁၀၀ အထက်ကနေ ကျပ်သိန်း ၅၀၀ အထိ ဆိုရင် လိုင်စင်ကြေးက ကျပ် ၆၀,၀၀၀၊ ကျပ်သိန်း ၅၀၀ အထက်ကနေ ကျပ်သိန်း ၁၅၀၀ အထိဆိုရင် လိုင်စင်ကြေးက ကျပ် ၈၀,၀၀၀နဲ့ကျပ်သိန်း ၁၅၀၀ အထက်ဆိုရင်တော့ လိုင်စင်ကြေးက ကျပ် ၉၀,၀၀၀ ဖြစ်ပါတယ်။ ဒီအတွက် နိုင်ငံတော်သို့ ပေးသွင်းဖို့ သတ်မှတ်ထားတဲ့ လိုင်စင်ကြေး တွေကို သတ်မှတ်ထားတဲ့ နှုန်းထားတွေအတိုင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့ကစပြီး ရက်ပေါင်း ၆၀ ပြည့်မြောက်တဲ့နေ့မှာ ပြောင်းလဲကောက်ခံသွားမှာဖြစ်တယ်လို့ အောက်တိုဘာလ ၁၀ ရက်နေ့ပါ ရက်စွဲနဲ့ ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာမှာ ဖော်ပြထားပါတယ်။ ရက်ပေါင်း ၆၀ မတိုင်မီကာလအတွင်း လျှောက်ထားတဲ့ သွင်းကုန်လိုင်စင်တွေကိုတော့ လက်ရှိကောက်နေတဲ့ နှုန်းထားတွေအတိုင်း ကောက်ခံမှာဖြစ်တယ်လို့ သိရပါတယ်။

သွင်းကုန်လိုင်စင်ကြေး တိုးမြှင့်ပြောင်းလဲသတ်မှတ်တဲ့ ဒီအမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉)ပါ ဒီထုတ်ပြန်ချက်ဟာ အွန်လိုင်းပေါ်မှာ ပျံ့နှံ့နေတာဖြစ်ပြီး ဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်မှာတော့ အောက်တိုဘာ လ ၂၇ ရက်နေ့အထိ မတွေ့ရသေးပါဘူး။ ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူတစ်ဦးကို မေးမြန်းဖို့ဆက်သွယ်ရာမှာ လည်း ဆက်သွယ်လို့မရခဲ့ပါဘူး။ လက်ရှိမှာ သွင်းကုန်လိုင်စင်ကြေးနှုန်းထားကို အနည်းဆုံး ၂၅၀ ကျပ်ကနေ အများ ဆုံး ကျပ် ၅၀,၀၀၀ အထိ ကောက်ခံပါတယ်။ ဒါပေမဲ့ ဒီနှုန်းထားဟာ ပြောင်းလဲလာတဲ့ ခေတ်နဲ့လျော်ညီမှုမရှိတော့ တဲ့အတွက် သွင်းကုန်လိုင်စင်ကြေးတွေကို တိုးမြှင့်ဖို့စီစဉ်ခြင်းဖြစ်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ဩဂုတ်လကကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ရှင်းလင်းထားပါတယ်။ ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ အဓိကပြုပြင်ပြောင်းလဲမှုနှစ်ခုကို ကြိုးပမ်းခဲ့တယ်။ ပထမ

တစ်ခုကတော့ ကုန်သွယ်မှုမှာ အဟန့်အတားဖြစ်စေမယ့် သွင်းကုန်တွေတင်သွင်းရာမှာ အတားအဆီး တစ်ခု ဖြစ်တဲ့ သွင်းကုန်လိုင်စင်ရရှိရေးလိုအပ်ချက်ကို တစ်ဆင့်ပြီးတစ်ဆင့် လျှော့သွားဖို့ ဖြစ်ပါတယ်။ ဒုတိယ ကတော့ ခေတ်နဲ့မလျော်ညီတော့တဲ့ သွင်းကုန်လိုင်စင်ကြေးတွေကို ခေတ်နဲ့လိုက်လျောညီထွေဖြစ်အောင် ပြင် ဆင် သတ်မှတ်ဖို့ ဖြစ်ပါတယ်။လိုင်စင်လိုအပ်ချက်တွေကို ဖြေလျှော့ခဲ့တဲ့အတွက် ကုန်သွယ်မှုတန်ဖိုးဟာ တိုးတက်လာသလို တစ်ဖက်မှာလည်း ဒီလို လိုင်စင်လိုအပ်ချက်တွေကို ဖြေလျှော့လိုက်တဲ့အတွက် သွင်းကုန်လိုင်စင်ထုတပေးမှုကနေရရှိတဲ့ အခွန်အခတွေကလည်း လျော့နည်းကျဆင်းသွားခဲ့တယ်လို့ ဒုဝန်ကြီးက လွှတ်တော်မှာရှင်းလင်းထားပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ပို့ကုန်သွင်းကုန်မှ လိုင်စင်ရငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ် ပထမခြောက်လပတ် အမှန်ဆောင်ရွက်နိုင်မှုအပေါ်အခြေခံကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တစ်ခုလုံး အတွက် ပြင်ဆင် ခန့်မှန်းချက်က ကျပ် ၄၁၆၇.၁၆၂ သန်းဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ လ ၁ ရက်နေ့ ကနေ ဩဂုတ်လ ၁၈ ရက်နေ့အထိ အခွန်ကောက်ခံရရှိမှုမှာ ကျပ် ၃၈၅၄.၃၅၈ သန်းဖြစ်ပြီး လျာထားချက် ထက် ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင် ခဲ့တယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-

## ငရုတ်ကောင်းနှင့်ငရုတ်သီးခြောက်တို့ကို စိုက်ပျိုးရေးအခြေခံ စံချိန်စံညွှန်းရေးဆွဲမည်




မြန်မာ့ငရုတ်ကောင်းနှင့် ငရုတ်သီးခြောက်တို့ကို စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းများ ရေးဆွဲသွားမည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက သီးနှံစံချိန်စံညွှန်းတွေ ရေးဆွဲရာမှာ မြန်မာနိုင်ငံအတွင်း ရာသီဥတု၊ ရေမြေသဘာဝနဲ့ လိုက်လျောညီထွေမှုရှိစေဖို့ ပြည်တွင်းပညာရှင်တွေ၊ စိုက်ပျိုး ထုတ်လုပ်သူတွေ၊ တင်ပို့ရောင်းချသူတွေ အားလုံးပေါင်းစပ်ရေးဆွဲနေတာဖြစ်တယ်ဟုပြောသည်။ ထိုသို့ စံချိန်စံညွှန်းများ ရေးဆွဲရန် သက်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သည့်လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ အဆိုပါအဖွဲ့က တင်ပြလာသော မူကြမ်းအပေါ် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီက ပဲပုပ်၊ နေကြာ၊ မန်ကျည်းသီးနှင့် ခနိဖူးတို့၏ စံချိန်စံညွှန်းများ ရေးဆွဲလျက် ရှိကြောင်းသိရသည်။

အဆိုပါကော်မတီက သီးနှံများ၏ စံချိန်စံညွှန်း ၂၈ ခု ရေးဆွဲထားပြီး အတည်ပြုထုတ်ပြန်ထားသည့် သီးနှံများမှာ ဆန်၊ ပဲစေ့အမျိုးမျိုး၊ ဖရဲသီး၊ ထောပတ်သီး၊ ငှက်ပျောသီး၊ ကျွဲကောသီး၊ ကော်ဖီစေ့တို့ဖြစ်ကြောင်း၊ မူကြမ်းရေးဆွဲပြီးဖြစ်သည့် သီးနှံများမှာ ဒူးရင်းသီး၊ မင်းကွတ်သီး၊ သခွားမွှေး၊ မြေပဲ၊ နှမ်း၊ သရက်သီး၊ နနွင်းတက်၊ ချင်း၊ ကြက်သွန်နီ၊ အစေ့ထုတ်ပြောင်း၊ သီဟိုဠ်စေ့၊ ဝဥ၊ အုန်းသီး၊ နာနတ်သီးတို့ဖြစ်သည်။ အဆိုပါစံချိန်စံညွှန်းများကို လယ်ယာထွက်ကုန် တစ်ခုချင်းစီအလိုက် လုပ်ငန်းကော်မတီများက ဆွေးနွေးရကြောင်း၊ လယ်ယာထွက်ကုန်များ တင်ပို့ရောင်းချသူများသာမက တောင်သူများအထိ နားလည်သဘောပေါက်စေရန် အင်္ဂလိပ်ဘာသာအပြင် မြန်မာဘာသာဖြင့်လည်းရေးဆွဲရကြောင်း၊ ထို့ပြင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်တူညီစေရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့ ပူးပေါင်းရေးဆွဲထားသော စံချိန်စံညွှန်း

တို့ကို အထူးပြုဆောင်ရွက်ရကြောင်းသိရသည်။

အဆိုပါ စံချိန်စံညွှန်းများရေးဆွဲရာတွင် သီးနှံများအတည်ပြုခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ နည်းပညာဆပ်ကော်မတီ အဆိုပြုမှုကြမ်းအပေါ်စိစစ်ခြင်း၊ စုံစမ်းခြင်း၊ အတည်ပြုခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းတို့ လုပ်ဆောင်ရကြောင်း သိရသည်။ ငရုတ်အစိုနှင့် အခြောက်ကို မူဆယ်နယ်စပ်မှ တရုတ်သို့၊ ငရုတ်အစိုကို မြဝတီနယ်စပ်က ထိုင်းဘက်သို့ တင်ပို့လျက်ရှိသည်။ ထို့ပြင် ငရုတ်သီးသည် ပြန်လည်တင်ပို့ကုန်စနစ် (Re-export)ဖြင့် ကုန်သွယ်ခွင့်ပြုထားသည့် သီးနှံတစ်ခုလည်းဖြစ်သည်။ ထို့ပြင် ငရုတ်ကောင်းကို တရုတ်နှင့် ထိုင်းဘက်သို့ အနည်းငယ်တင်ပို့ပြီး နယ်စပ်က တရားမဝင် ဝင်လာသည့် ငရုတ်ကောင်းများကြောင့် စိုက်ပျိုးတောင်သူများ အခက်တွေ့နေကြောင်းသိရသည်။ မြန်မာနိုင်ငံ၌ အမျိုးသားစံချိန်စံညွှန်းနှင့် ပတ်သက်၍ စံချိန်စံညွှန်းများ ရေးဆွဲရန်သတ်မှတ်ခြင်းဆိုင်ရာဥပဒေကို ၂၀၁၄ ခုနှစ် ဇူလိုင် ၃ ရက်က ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေအရ အမျိုးသားစံချိန်စံညွှန်းကောင်စီ၊ လုပ်ငန်းကော်မတီနှင့် နည်းပညာဆပ်ကော်မတီတို့ကို ဖွဲ့စည်းထားကြောင်းသိရသည်။ မြန်မာ့လယ်ယာထွက်ကုန်များ စံချိန်စံညွှန်းပြည့်မီခြင်းဖြင့် နိုင်ငံတကာသို့ ဘေးကင်း လုံခြုံစိတ်ချစွာ တင်ပို့နိုင်ပြီး ဈေးကွက်ယှဉ်ပြိုင်မှုစနစ်လည်း တိုးတက်လာမည်ဖြစ်သည်။

**Source:** https://www.facebook.com/thefarmermedia/posts/2547274672053370?__tn__=K-R

## ထိုင်းက လာမည့်နှစ်တွင် ပြောင်းတန်ချိန် ခြောက်သိန်းခွဲဝယ်ရန် ကမ်းလှမ်းထားဟုဆို




ထိုင်းနိုင်ငံက လာမည့်နှစ်တွင် မြန်မာ့ပြောင်းတန်ချိန် ခြောက်သိန်းခွဲကိုဝယ်ယူရန် ကမ်းလှမ်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ ထိုင်းနိုင်ငံရဲ့ ပြောင်းလိုအပ်ချက်တက်လာလို့ ပမာဏတိုးမြှင့်လာတဲ့ သဘောပေါ့ဟုၚင်းအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ ၂၀၁၈ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန်၄၇၀၀၀၀ ကျော် တင်ပို့ခဲ့ပြီး လာမည့်နှစ်တွင် ၎င်းတို့နိုင်ငံ၏ ပြောင်းလိုအပ်ချက် မြင့်တက်လာနိုင်သည့်အတွက် ပြောင်းတန်ချိန်ပမာဏ တိုးမြှင့်ကမ်းလှမ်းလာခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ထိုင်းနိုင်ငံသို့ မြဝတီ၊ မဲဆောက် နယ်စပ်လမ်းကြောင်းမှတစ်ဆင့် ပြောင်းကို တရားဝင်တင်ပို့နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ပြောင်းကို တရုတ်၊ ထိုင်းနှင့် လာအိုနိုင်ငံများသို့ ပုံမှန်တင်ပို့နေသော်လည်း တရုတ်နိုင်ငံ၏တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်ကြောင့် တရုတ်သို့တင်ပို့မှုရပ်နားခဲ့ရပြီး ယခုအခါ ပြည်တွင်း ပြောင်းတင်ပို့မှုမှာ ထိုင်းနိုင်ငံကို အဓိကမှီခိုလာရခြင်းဖြစ်သည်။ လက်ရှိတွင် တရုတ်သို့ပြောင်းတရားဝင် တင်ပို့ခွင့်ရရှိရေးအတွက် တရုတ်နိုင်ငံ၏ မူဝါဒလုပ်ထုံး လုပ်နည်းများနှင့်အညီ ညှိနှိုင်းထားပြီးဖြစ်သောကြောင့် မကြာမီ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုနိုင်မည် ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

တရုတ်ကို ပြောင်းတင်ပို့တာနဲ့ပတ်သက်ပြီး လက်မှတ်ထိုးဖို့ ညှိပြီးသွားပြီ။ အဓိကတော့ ပြည်တွင်းထုတ်လုပ်မှုအတိုင်း ဆောင်ရွက်ရမယ့်ကိစ္စတွေကို ဆောင်ရွက်နေတယ်။ ဒါတွေပြီးသွားရင် ပြောင်းကို တင်ပို့နိုင်တဲ့အနေအထားဖြစ်လာမယ်ဟု ၎င်းကပြောသည်။ အလားတူ ကိုရီးယားနိုင်ငံသို့လည်း ပြောင်းတင်ပို့နိုင်ရေးအတွက် ဆွေးနွေးနေကြောင်းသိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံသို့ပြောင်းအပါအဝင် ဆန်၊ သကြားတို့မှာ ခွဲတမ်းဖြင့် တင်ပို့နေရခြင်းဖြစ်ပြီး ၎င်းပမာဏထက် ပိုမိုတင်ပို့လာနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** **မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8130507

## မြန်မာ-တရုတ်နယ်စပ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တည်ထောင်ရေးတွင် မြန်မာနိုင်ငံ၏ နယ်နိမိတ်ပိုင်နက် နယ်မြေဆုံးရှုံးမှု မရှိစေရေး၊ နှစ်နိုင်ငံအကြား နယ်နိမိတ်သတ်မှတ်ချက်ကို အလေးထားဆောင်ရွက်ရန် စီးပွား/ကူးသန်းဝန်ကြီးပြောကြား



မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရေးတွင် မြန်မာနိုင်ငံ၏ နယ်နိမိတ်ပိုင်နက်နယ် မြေဆုံးရှုံးမှုမရှိစေရေး၊ နှစ်နိုင်ငံ့အကြား နယ်နိမိတ်သတ်မှတ်ချက်ကို အလေးထားဆောင်ရွက်ရန် မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင် အ ကောင်အထည်ဖော်ရေးဆိုင်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်ကပြောကြားသည်။


မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်ရာတွင် နှစ်နိုင်ငံအကြား နယ်နိမိတ်သတ်မှတ်ချက် တိုင်းတာသတ်မှတ်နိုင်ရေး၊ မြန်မာ -တရုတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဇုန်တည်ထောင်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်၊ မူဝါဒ၊ လမ်းညွှန်ချက်များ၊ မူ ဘောင်သဘော တူညီချက်အား လက်မှတ်ရေးထိုးနိုင်ရေးနှင့် Joint Working Group ဖွဲ့စည်းနိုင်ရေးအား ရှင်းလင်းဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား နယ်နိမိတ် တိုင်းတာသတ်မှတ်နိုင်ရေးနှင့် ပတ်သက်ပြီး စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဇုန်များ တည်ထောင်ရေးဆိုင်ရာကိစ္စများတွင် မြန်မာနိုင်ငံ၏ နယ်နိမိတ်ပိုင်နက်နယ် မြေဆုံးရှုံးမှု မရှိစေရေး၊ နှစ်နိုင်ငံအကြား နယ်နိမိတ်သတ်မှတ်ချက်ကို အလေးထားလိုက် နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို ကြိုးပမ်းဖော်ဆောင်နေသည့် နည်းတူ အိမ်နီးချင်း နိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံ တကာနှင့် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် ဆက်ဆံရေးတို့ကို အလေးထား ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော်ခြင်းကို နိုင်ငံတော်၏ မူဝါဒများ၊ တည်ဆဲဥပဒေများနှင့်အညီ ဗဟိုကော်မတီအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းထားသည်။

မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် (BECZ) မြန်မာဘက်ခြမ်း တည်ထောင် အကောင်အထည် ဖော်ရာတွင် အရေးကြီးသည့်အချက်များဖြစ်သည့် နှစ်နိုင်ငံညှိနှိုင်းခြင်း၊ နှစ်နိုင်ငံနယ် စပ်နယ်နိမိတ်မျဉ်းအတည်ပြု သတ်မှတ်ပြီး ဖြစ်ခြင်း၊ မြေအသုံးချခွင့်ညှိနှိုင်းဆောင်ရွက်ခြင်းတို့အား ညှိနှိုင်းဖြေရှင်းပြီးမှသာ E.O.I ခေါ်ယူခြင်း၊ စိစစ် ရွေးချယ်ခြင်းလုပ်ငန်းများ အပ်နှံအကောင်အထည်ဖော်ခြင်းတို့အား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားခဲ့သည်။ မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်အကောင်အထည်ဖော်ရာတွင် နှစ်နိုင်ငံညှိနှိုင်းမှုအရ မူဆယ်-ရွှေလီ-ကျယ်ခေါင်ကို ဦးစားပေးတည်ထောင်ရန်ဖြစ်သော်လည်း တရုတ်နိုင်ငံဘက်ခြမ်းတွင် လျာထားတည် နေရာ သုံးခုစလုံး အခြေခံအဆောက်အအုံများ အဆင်သင့်နီးပါးဖြစ်နေမှုကိုတွေ့ရှိရကြောင်းနှင့် မြန်မာဘက်ခြမ်းတွင် မြေနေရာ အသုံးပြုခွင့်ရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာကိစ္စရပ်များကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားကြရန်ဖြစ်ကြောင်း၊ မြေနေရာရွေးချယ်ရာတွင် နှစ်နိုင်ငံနယ်စပ် နယ်နိမိတ်မျဉ်းအ တည်ပြုသတ်မှတ်ထားပြီးဖြစ်၍အရေးကြီးသကဲ့သို့ လမ်းပန်း ဆက်သွယ်မှုမှာလည်း မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ ထိခိုက်ပျက်စီးမှု မရှိစေရေးနှင့် ယဉ်ကျေးမှုထိခိုက်ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ မူလစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းမှုမရှိစေရေးနှင့် လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးနစ်နာမှု အနည်းဆုံးဖြစ်စေရေးအတွက် နယ်စပ်စီးပွားရေးဇုန် လျာထားနေရာနှင့် မလွတ်ကင်း၍ မဖြစ်မနေပြောင်းရွှေ့ပေးရန် လူနေအိမ်နှင့် စိုက်ပျိုးမြေများအတွက် သင့်တင့်မျှတသည့် မြေယာလျော်ကြေးအပြင် မြေယာ အစားထိုးပေးအပ်နိုင်ရေး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားခဲ့သည်။

မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များကို မူဆယ်၊ ချင်းရွှေဟော်နှင့် ကန်ပိုက်တီးတို့တွင် တည်ဆောက်ပြီး Core Zone ၊ ပို့ကုန်သွင်းကုန် ပစ္စည်းများသိုလှောင်ရန် ကုန်လှောင်ရုံဧရိယာများအဖြစ် ဖွဲ့စည်းတည်ထောင်သွားရန် လျာထားကြောင်း သိရသည်။

**Source:** https://news-eleven.com/article/142761

## လက်ရှိဘဏ္ဍာနှစ် နှစ်ပတ်ကျော်တွင် ပြည်ပကုန်သွယ်မှု စုစုပေါင်းဒေါ်လာ ၁ ဒသမ ၆ ဘီလျံနီးပါး ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၈၀ ကျော်လျော့ကျ



လက်ရှိဘဏ္ဍာနှစ် နှစ်ပတ်ကျော်တွင် ပြည်ပကုန်သွယ်မှု စုစုပေါင်းဒေါ်လာ ၁ ဒသ မ ၆ ဘီလျံနီးပါးရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၂၈၀ ကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံအနေဖြင့် ပြည်ပကုန်သွယ်မှုပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉၇ ဘီလျံ ရရှိထားသည်။ ယခင်နှစ် ကာလတူတွင်မူ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၂ ဘီလျံအထိရရှိထားသည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် နှစ်ပတ်အတွင်း ပြည်ပကုန်သွယ်မှု စုစုပေါင်းပမာဏသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၈၄ ဒသမ ၂၃၃ သန်းအထိ ပိုမိုရရှိခဲ့သည်။

**Source:** https://news-eleven.com/article/142753

## ဖောက်စွပ်တက္ကစီများ လူအမည်တက္ကစီ အစားထိုးတင်သွင်းခွင့် ပုံစံတူစလစ်ခွင့်ပြုမည်




မော်တော်ယာဉ်အစိတ်အပိုင်း မမှန်မကန်ပြောင်းလဲထားသည့် ဖောက်စွပ်၊ (Body Coach) ပြောင်းလဲထားသော ဖောက်စွပ်တက္ကစီများကို လူအမည်တက္ကစီ အစားထိုးတင်သွင်းခွင့် ပုံစံတူ စလစ်ခွင့်ပြုပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အောက်တိုဘာ ၂၇ ရက်က သိရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ယာဉ်အစိတ်အပိုင်း မမှန်မကန်ပြောင်းလဲထား၍ ယာဉ်မှတ်ပုံတင် အပြီးဖျက်သိမ်းထားရှိသည့် ကားအစီးရေ ၃၆၆ စီးရှိပြီး အောက်တိုဘာ ၁၈ ရက်အထိ သံရည်ကျိုစက်ရုံ ရောက်ရှိသည့် ဖောက်စွပ်ကားအစီး ၉၄ စီး၊ ဖောက်စွပ်အပ်နှံရန် တင်ပြထားသည့် တက္ကစီ ၁၇ စီး စုစုပေါင်း ဖောက်စွပ်ကားအစီး ၁၁၁ စီး အပ်နှံပြီးဖြစ်သည်။

ထို့ပြင် ဖောက်စွပ်ကားအများဆုံးဖြစ်နေသည့် တက္ကစီများ သံရည်ကျို လာရောက်အပ်နှံရာတွင် လူအမည်တက္ကစီ အစားထိုး တင်သွင်းခွင့်ပုံစံတူ စလစ်ခွင့်ပြုပေးမည်ဖြစ် ကြောင်း၊ လူစီးကားများကို အောက်တိုဘာ ၁ ရက်မှစ၍ ယာဉ်အိုယာဉ်ဟောင်း အစားထိုး ယာဉ်တင်သွင်းခွင့် ပုံစံ(ဃ) စလစ်များနှင့် ပစ်ကပ်လုပ်ငန်းသုံး ဖောက်စွပ်ကား များကို ပစ်ကပ်စလစ်များ ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်းသိရသည်။ တက္ကစီကားတွေလည်း ဖောက်စွပ်လာအပ်ထားပါတယ်။ ကညနယာဉ်မှတ်ပုံတင

်အပြီးဖျက်သိမ်းလိုက်တာ ၃၆၆ စီးရှိပါတယ်။ နောက်ပိုင်းလည်း အစိတ်အပိုင်း မမှန်မကန် ဖောက်စွပ်လုပ်ထားတဲ့ကားတွေကို အိုဟောင်းယာဉ် အပ်နှံတဲ့ အစားထိုးယာဉ်တင်သွင်းခွင့် ပုံစံ(ဃ) စလစ် နှစ် ၂၀ စလစ်ကိုထုတ်ပေးမှာပါ။ ပစ်ကပ်ဖောက်စွပ်ကားဆို ပစ်ကပ်ကားပြန်တင်သွင်း ခွင့်စလစ်ပဲရမှာပါဟု ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၂၇ ရက်တွင် ပြောဆိုသည်။

၂၀၁၅ ခုနှစ်မော်တော်ယာဉ်ဥပဒေ ပုဒ်မ (၁၈) (c) နှင့်အရ မော်တော်ယာဉ်များ အစိတ်အပိုင်း မမှန်မကန် ပြောင်းလဲထားသည့်ဖောက်စွပ်၊ ဖြတ်ဆက်Body Coach ပြောင်းလဲထားသော မော်တော်ယာဉ်များကို ဥပဒေနှင့်အညီ မှတ်ပုံတင်ဖျက်သိမ်း၍ ရဲစခန်းများသို့ ကား များအပ်နှံစေခဲ့ရာ အောက်တိုဘာ ၁ ရက်မှစတင်၍ သံရည်ကျိုအပ်နှံပါက အပ်ကားစလစ်ထုတ်ပေးလျက်ရှိရာ သံရည်ကျိုအပ်နှံသည့် ဆလွန်းကားဖြစ်ပါက အစားထိုးတင်သွင်းခွင့် ဆလွန်းကားစလစ်၊ ပစ်ကပ်ကားလုပ်ငန်းသုံးယာဉ်အပ်ပါက အစားထိုးတင်သွင်း ခွင့်ပစ်ကပ် လုပ်ငန်းသုံးစလစ်၊ တက္ကစီကားများအပ်နှံပါက အငှားယာဉ်တက္ကစီ အစားထိုးတင်သွင်းခွင့်စလစ် ကားအမျိုးအစားတူ အပ်ကားစလစ်များကိုသာ ခွင့်ပြုထုတ်ပေးမည်ဖြစ်သည်။

**Source:** https://Myanmar.mmtimes.com/news/130192.htm

## STOCK EXCHANGE (30.10.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 30th Oct. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 2,618 | 30,107,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | -50 | -1.25% | 4,000 | 4,000 | 3,950 | 2,050 | 8,170,050 | 38,929,150 | 153,770 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 79 | 663,600 | 10,400,986 | 87,368 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 47 | 1,104,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 2,500 | 7,500,000 | 12,823,224 | 38,470 |

### Market summary

As of 30th Oct. 2019

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 474.32 | -1.42 | -0.30% | 475.74 | 475.74 | 474.32 | 7,294 | 47,545,150 | 5 | 649,498 |

**Index chart**



# Market Overview

As of 1:00 pm, 30th Oct. 2019

| MYANPIX | 474.32<br>1.42 |
|---|---|
| Total Volume (shares) | 7,294 |
| Total Value (MMK) | 48 mil |
| Listed Company | 5 |
| Market Cap. (MMK) | 649,498 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | 0 |
| MTSH | 00002 | 3,950 | 50 |
| MCB | 00003 | 8,400 | 0 |
| FPB | 00004 | 23,500 | 0 |
| TMH | 00005 | 3,000 | 0 |

TIR